# ကိုယ့်အခွင့်အရေးကိုယ်သိပါ

**အရပ်သားများအတွက် အစိုးရအပေါ်အဓိကမှီခိုရခြင်းနှင့် ပတ်သက်သည့် သတင်းစကားများ**

2020 ခုနှစ် ဖေဖော်ဝါရီလတွင် ဖြည့်စွက်ပြင်ဆင်ထားသည်

***ထိတ်လန့်စိုးရိမ်မှုကို အချက်အလက်များဖြင့် တုံ့ပြန်တွန်းလှန်ပါ။*** *သင်သည် မည်သည့်နေရာတွင် မွေးဖွားခဲ့သည်ဖြစ်စေ ဤနိုင်ငံအတွင်း၌ သင့်တွင်အခွင့်အရေးများ ပိုင်ဆိုင်ထားပါသည်။ သင့်အား သို့မဟုတ် သင့်မိသားစုအား ထိခိုက်နိုင်သည့် ဆုံးဖြတ်ချက်များကို မချမှတ်မီ သင့်အခြေအနေနှင့်ပတ်သက်၍ ထပ်မံလေ့လာသုံးသပ်ရန် တိုက်တွန်းအားပေးလိုပါသည်။* ***အချက်အလက်များကိုရယူပြီး အစီအမံတစ်ရပ်ရေးဆွဲပြီးနောက် ဤသတင်းအချက်အလက်ကို အခြားသူများအား မျှဝေပေးပါ။***

1

**နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်းနေထိုင်သူအများစုအပေါ် သက်ရောက်မည်မဟုတ်ပါ။**
အစိုးရအပေါ်အဓိကမှီခိုရခြင်းနှင့် ပတ်သက်သည့် ဤ DHS စည်းမျဉ်းသည် နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်းနေထိုင်သူများအားလုံးအပေါ် သက်ရောက်မှုမရှိပါ။ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံသူများ၊ လူကုန်ကူးမှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် အခြားသော ဆိုးရွားပြင်းထန်သည့်မှုခင်းများ ကျူးလွန်ခံရပြီးနောက် ရှင်သန်ကျန်ရစ်သူများ၊ အခြားသော "လူသားချင်းစာနာထောက်ထားမှု" အရ ပြောင်းရွှေ့ဝင်ရောက်လာသူများအပေါ် သက်ရောက်မှုမရှိပါ။ လူပုဂ္ဂိုလ်များအနေဖြင့် အထက်ပါအခြေအနေများတွင်ရှိနေစဉ် လက်ခံရရှိခဲ့သည့် အကျိုးခံစားခွင့်များအား ၎င်းတို့ကို ပယ်ချရန်အတွက် ထည့်သွင်းတွက်ချက်မည်မဟုတ်ပါ။ ဥပဒေနှင့်အညီ အမြဲတမ်းနေထိုင်ခွင့်ရသူများ ("ဂရင်းကဒ် ကိုင်ဆောင်သူများ") သည် အမေရိကန်ပြည်ထောင်စုမှ ရက်ပေါင်း 180 ကျော်ကြာအောင် စွန့်ခွာသွားခဲ့ပြီး ပြန်လည်ဝင်ရောက်ရန်ကြိုးစားနေခြင်း မဟုတ်ပါက သက်ရောက်မှုမရှိပါ။

2

**အများပြည်သူဆိုင်ရာ အစီအစဉ်များစွာ ကို အစိုးရအပေါ်အဓိကမှီခိုရသူ ဖြစ်လာနိုင်ခြေရှိမရှိ စစ်ဆေးမှုတွင် ထည့်သွင်းစဉ်းစားခြင်း မရှိပါ။** WIC ၊ CHIP ၊ ကျောင်းတွင်းနေ့လယ်စာ၊ စားနပ်ရိက္ခာအခမဲ့ပေးဝေရာနေရာ၊ ခိုနားရန်နေရာများ၊ ကလေးသူငယ်ပြုစုစောင့်ရှောက်မှု၊ ပြည်နယ်နှင့် ဒေသတွင်းမှရန်ပုံငွေထောက်ပံ့ထားသည့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အသက်ကယ်ဆယ်ရေးဆိုင်ရာ အစာအာဟာရ အစီအစဉ်များနှင့် အခြားအစီအစဉ်များစွာသည် DHS ၏ အစိုးရအပေါ်အဓိကမှီခိုရသူ ဖြစ်လာနိုင်ခြေရှိမရှိ စစ်ဆေးမှုတွင် ပါဝင်ခြင်းမရှိပါ။

3

**သင့်အနေဖြင့် အစိုးရအစီအစဉ်များကို အသုံးပြုပါက အစိုးရအပေါ်အဓိကမှီခိုရသူ အလိုအလျောက်ဖြစ်သွားမည်မဟုတ်ပါ။** လူဝင်မှုကြီးကြပ်ရေးအရာရှိများသည် သင့်အနေဖြင့် အနာဂတ်တွင် အစိုးရအပေါ်အဓိကမှီခိုရသူ ဖြစ်လာနိုင်ခြေရှိမရှိ ဆုံးဖြတ်ရာတွင် **သင်၏အခြေအနေအရပ်ရပ်** ကို ကြည့်ရှုသုံးသပ်ရမည်ဖြစ်ပါသည်။ ထိုအချက်များထဲတွင် သင်၏အသက်အရွယ်၊ ကျန်းမာရေး၊ ဝင်ငွေ၊ ပိုင်ဆိုင်မှုများ၊ အရင်းအမြစ်များ၊ ပညာရေး/ကျွမ်းကျင်မှုများ၊ သင် ထောက်ပံ့ရမည့် မိသားစုနှင့် သင့်အား ထောက်ပံ့မည့် မိသားစုတို့ ပါဝင်ပါသည်။ အလုပ်အကိုင်ရှိခြင်း သို့မဟုတ် ကျန်းမာရေးအာမခံရှိခြင်းကဲ့သို့သော ကောင်းမွန်သည့် အချက်များသည် အချို့သောအကျိုးခံစားခွင့်များကို အသုံးပြုထားခြင်း သို့မဟုတ် ကျန်းမာရေးချို့တဲ့မှုရှိခြင်း ကဲ့သို့သော ဆိုးရွားသည့်အချက်များကို ချေဖျက်နိုင်ပါသည်။ မည်သည့်နည်းနှင့်ဖြစ်စေ သင့်အနေဖြင့် အနာဂတ်တွင် အချို့သောအကျိုးခံစားခွင့်များကို မှီခိုနေထိုင်ရသူတစ်ဦး အဘယ်ကြောင့်ဖြစ်မလာနိုင်ကြောင်း ပြသရန် အခွင့်အရေးရှိမည်ဖြစ်ပါသည်။

PROTECTING IMMIGRANT FAMILIES

**အရင်းအမြစ်များထပ်မံရရှိရန်အတွက် အောက်ပါသို့သွားပါ**

WWW.PROTECTINGIMMIGRANTFAMILIES.ORG

4

**အစိုးရအပေါ်အဓိကမှီခိုရသူ ဖြစ်လာနိုင်ခြေရှိမရှိ ဆုံးဖြတ်ချက်များတွင် မိသားစုဝင်များ အသုံးပြုခဲ့သည့် အကျိုးခံစားခွင့်များကို ထည့်သွင်းတွက်ချက်မည်မဟုတ်ပါ။** အမေရိကန်နိုင်ငံသားဖြစ်သော မိသားစုဝင်များသည် ၎င်းတို့အားကောင်းစွာရှင်သန်နိုင်ရန် အကူအညီပေးမည့် အာဟာရ၊ အစားအစာ သို့မဟုတ် အိမ်ရာအစီအစဉ်များကို အသုံးပြုနိုင်ပါသည်။ သင့်သားသမီးများအတွက် သို့မဟုတ် အခြားသော မိသားစုဝင်များအတွက် အမေရိကန်ပြည်ထောင်စုမှ သင်ရသော အကျိုးခံစားခွင့်များသည် သင်ကိုယ်တိုင် ရရှိသော ခံစားခွင့်များနှင့် မတူညီပါက သင့်သားသမီးများရရှိသော အကျိုးခံစားခွင့်များကြောင့် သင့်အနေနှင့် ထိခိုက်မှု ရှိမည်မဟုတ်ပါ။ သင့်ကလေးအတွက်လျှောက်လွှာတွင် သင့်အမည်ကို ထည့်သွင်းခြင်းသည် သင်ကိုယ်တိုင်အတွက် အကျိုးခံစားခွင့်များကို သင်လျှောက်ထားပြီးဖြစ်သည်ဟု အဓိပ္ပာယ်မသက်ရောက်ပါ။

5

**အများပြည်သူဆိုင်ရာ အကျိုးခံစားခွင့်များကို လျှောက်ထားသူများနှင့် လက်ခံရရှိသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ပေးသည့် ဥပဒေများ ရှိပါသည်။** ဖက်ဒရယ်နှင့် ပြည်နယ်အဆင့်ဥပဒေများသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကျုံးဝင်မှု၊ အာဟာရ၊ စီးပွားရေးပံ့ပိုးမှု သို့မဟုတ် အခြားသော အများပြည်သူဆိုင်ရာ အကျိုးခံစားခွင့်များအား လျှောက်ထားသည့် သို့မဟုတ် လက်ခံရရှိသည့် လူပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များနှင့်လွတ်လပ်ခွင့်ကို ယေဘုယျအားဖြင့် ကာကွယ်ပေးပါသည်။ အစိုးရ အစီအစဉ်များအား လျှောက်ထားပါက မိမိမိသားစုတွင်း သို့မဟုတ် အိမ်ထောင်အတွင်းမှ အခြားပုဂ္ဂိုလ်တစ်ဦးအတွက် အကျိုးခံစားခွင့်များရရှိရန် လျှောက်ထားသည့်သူများ၏ တရားဝင်နေထိုင်ခွင့် ရှိ/မရှိနှင့် ◌ပတ်သက်သည့် အချက်အလက်များကို မေးမြန်းမှုမရှိသင့်ပါ။ အကျိုးခံစားခွင့် ဆောင်ရွက်ပေးသော ဌာနများသည်၎င်းတို့၏ အစီအစဉ်များကို စီမံ◌ဆောင်ရွက်ရန်အတွက်သာ အခြားအစိုးရဌာနဆိုင်ရာများနှင့် ခွင်းချက်အကန့်အသတ်ဖြင့် သတင်းအချက်အလက်များ ဖလှယ်ရပါမည်။ သင့်အနေဖြင့် အများပြည်သူဆိုင်ရာ အကျိုးခံစားခွင့်အတွက် လျှောက်လွှာဖြည့်စွက်ရာတွင် သို့မဟုတ် မည်သည့်အစိုးရဌာနဆိုင်ရာနှင့်မဆို ဆက်ဆံရာတွင် လိုအပ်သောအချက်အလက်များကိုသာ ပေးအပ်သင့်ပြီး မည်သည့်အရာကိုမျှ မှားယွင်းတင်ပြခြင်း လုံးဝမရှိသင့်ပါ။

# လက်တွေ့လုပ်ရှားဆောင်ရွက်ပါ။

**အချက်အလက်များကိုရယူပါ၊ အစီအမံတစ်ရပ် ရေးဆွဲပါ**. သတင်းအချက်အလက်သည် စွမ်းအားပင်ဖြစ်ပါသည် ဤစည်းမျဉ်းဥပဒေ သင့်အပေါ်သက်ရောက်မှုရှိ/မရှိကို သင်ဆုံးဖြတ်နိုင်ရန်အတွက် အရင်းအမြစ်အများအပြားက အကူအညီပေးနိုင်ပါသည်။ www.keepyourbenefits.org သို့မဟုတ် https://protectingimmigrantfamilies.org/know-your-rights/ သို့ ဝင်ရောက်ကြည့်ရှုခြင်းအားဖြင့် ဤစည်းမျဉ်းသစ်၏အဓိပ္ပာယ်ကို လေ့လာပါ။ ထို့နောက် ထိုအပြောင်းအလဲများသည် သင် သို့မဟုတ် သင့်မိသားစုအပေါ် မည်သို့သက်ရောက်နိုင်သည်ကို ဆုံးဖြတ်နိုင်ရန် သင့်ရှေ့နေ သို့မဟုတ် မိသားစုနှင့် တိုင်ပင်ပါ။
**မိမိကိုယ်ကို စွမ်းအားမြှင့်တင်လိုက်ကြပါစို့။** ကျွန်ုပ်တို့၏မိသားစုနှင့် အသိုက်အမြုံများကို ကာကွယ်နိုင်ရန်မှာ ကျွန်ုပ်တို့အပေါ်သာ မူတည်ပါသည် ကျွန်ုပ်တို့အားသက်ရောက်မှုရှိသည့် မူဝါဒများကို ရေးဆွဲရန်တာဝန်ယူထားသော ဒေသဆိုင်ရာ၊ ပြည်နယ်အဆင့်နှင့် ဖက်ဒရယ်အဆင့်တာဝန်ရှိသူများကို ဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့အားလုံး၏အသံများကို ကြားသိအောင် စွမ်းဆောင်နိုင်ပါသည်။ အခမဲ့ သို့မဟုတ် စရိတ်သက်သာသော ဥပဒေရေးရာ အကူအညီကို လိုအပ်ပါက သင့်အနီးအနားရှိ ဥပဒေရေးရာဝန်ဆောင်မှုအဖွဲ့အစည်းကို အောက်ပါတို့မှတဆင့် ရှာဖွေနိုင်ပါသည်။ https://www.immigrationadvocates.org/legaldirectory/.

PROTECTING IMMIGRANT FAMILIES

**အရင်းအမြစ်များထပ်မံရရှိရန်အတွက် အောက်ပါသို့သွားပါ**
**WWW.PROTECTINGIMMIGRANTFAMILIES.ORG**